ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၆၃ / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် )

e - Government ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် " e - Government ဦးဆောင်ကော်မတီ " ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | နာယက |
| (ခ) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီးများအားလုံး<br>( ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန မပါ ) | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဇ) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (ဈ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

(ည) နာယက — အဖွဲ့ဝင်
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(ဋ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ e – Government ဦးဆောင်ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) e – Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သော မူဝါဒများ ချမှတ်လမ်းညွှန်ခြင်း၊

(ခ) e – Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီက တင်ပြသည့် စီမံကိန်းများနှင့် ဘဏ္ဍာငွေများ စိစစ်အတည်ပြုခြင်း၊

(ဂ) e – Government စနစ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် အဖွဲ့အစည်းများ ဖွဲ့စည်းရေးအပေါ် လမ်းညွှန်ခြင်း၊

(ဃ) e – Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသော နိုင်ငံများ၏အတွေ့အကြုံကောင်းများကို အခြေခံ၍ မြန်မာနိုင်ငံတွင် ဦးစားပေး ဆောင်ရွက်သင့်သော e – Government လုပ်ငန်းစဉ်များအပေါ် လမ်းညွှန်ပေးခြင်း၊

(င) e – Government Master Plan ပါ လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောလမ်းညွှန်မှုများ ချမှတ်ပေးခြင်း။

၃။ ဦးဆောင်ကော်မတီသည် ကော်မတီအစည်းအဝေးများကျင်းပရာတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များကို လိုအပ်သလို ဖိတ်ကြားနိုင်သည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၄ – ၄ – ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၇ / ၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး